ရခိုင်ပြည်နယ်၊မြေပုံမြို့နယ်

ပင်ကပ်ချောင်းကျေးရွာအုပ်စု၊ ကဝိုင်ချောင်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကဝိုင်ချောင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြေပုံမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဒီဇင်ဘာလ၊ ၂၀၁၈

မာတိကာ

မာတိကာ ၁

စကားချီး ၅

ကပိုင်ချောင်းကျေးရွာ သယံဇာတနှင့်အရင်းအမြစ်ပြမြေပုံ ၇

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၈

၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် ၈

(ခ) စီမံကိန်းလွှမ်းခြုံသက်ရောက်မှု ၉

၂။ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၁၀

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၁၀

(ခ) သဘာဝအရင်းအမြစ်များ ၁၀

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာအချက်အလက်များ ၁၀

(ခ) စီပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၀

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၀

(ဃ) ကျန်းမာရေးနှင့် အာဟာရ ၁၁

(ငံ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၂

(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၂

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၂

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ ၁၃

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၃

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု ၁၃

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၁၃

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၃

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၁၄

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု-လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး . ၁၄

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၅

၅။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၅

နောက်ဆက်တွဲ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ ၄၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ခုနှစ်အထိ(၅)နှစ်အကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကပိုင်ချောင်းကျေးရွာ၏ ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်း ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်၊ ဆွေးနွေး၊ ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့်သတင်းအချက်အလက် တို့၏ အရေးပါမှုကိုသိရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ် ကြောင်းကို့လည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်း ဖြင့် ပိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲ များ၊ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျော်လင့်ပါသည်။ ဆက်လက်၍နောက်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကပိုင်ချောင်းကျေးရွာ
ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်

ကပိုင်ချောင်းကျေးရွာ အခြေပြမြေပုံ



၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်

ကပိုင်ချောင်းကျေးရွာသည် ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့နယ်၊ ပင်ကပ်ချောင်းကျေးရွာအုပ်စု၊ မြေပုံမြို့နယ်အရှေ့မြောက်ဘက်၊ (၅) မိုင်ခန့်တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ မြေပုံမြို့သို့ရောလမ်းခရီးကို အသုံးပြုသွားလာရပါသည်။ ရန်ကုန်-စစ်တွေကားလမ်းမ နှင့် ဆက်သွယ်ထားသည့် မြေပုံ-ကပိုင်လမ်းမဘေးတွင် တည်ရှိပါသည်။ကျေးရွာမှမြေပုံ-ကပိုင်လမ်းအတိုင်းသွားလျှင်ရန်ကုန်-စစ်တွေလမ်းရောက်မည်ဖြစ်ပြီး မင်းပြားမြို့သို့ သွားရောက်နိုင်ပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း တစ်ခုသာရှိပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ ၁၈၀ မှ ၁၁၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။ လယ်ယာမြေများသည် စပါး၊ငရုပ်၊ခရမ်း များစိုက်ပျိုးရန်နှင့် သက်မွေးဝမ်းကျောင်းတို့အတွက် အဓိကအားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

လယ်မြေ (၂၉၉) ဧက၊ယာမြေ/တောင်ယာမြေ(၃၄)ဧက၊ ဥယျာဉ်ခြံမြေ (၃၁.၅) ဧက၊ ကိုင်း/ကျွန်းမြေ (၁၁)ဧက၊ ခနိတော (၂၃၄) ဧကနှင့် စားကျက်မြေ (၅၈) ဧက ရှိပြီး မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူများမှာ မိုးရေကိုသာအဓိကအားထားရပါသည်။

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စု (၁၄၆) လူဦးရေစုစုပေါင်း (၈၁၀)ဦးရှိပါသည်။ ပျမ်းမျှတစ်မိသားစုလျှင် (၅) ဦးရှိပါသည်။ **နို့စို့အရွယ်မှ အလယ်တန်းကျောင်းသားအရွယ်ထိ (၂၇၁)ဦးရှိပြီး အလုပ်လုပ်နိုင်သော အရွယ်ကျား၊မပေါင်း (၈၄၁) ဦးရှိသော်လည်း အလုပ်အကိုင်ရှားပါးကြောင်း တွေ့ရှိရပါသည်။ သက်ကြီးရွယ်အို (၇၄) ဦးရှိပြီး မှီခိုသူများဖြစ်ပါသည်။**

(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) **ကို အသုံးပြု၍ ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် အလွန်ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။အိမ်ထောင်စု(၁၄၆)အနက် ၁၀၃ (၃၉.၆၁%) သည် အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပါသည်။ ၉၀ (၃၄.၆၁%) အိမ်ထောင်စု များမှာ ဆင်းရဲသောအိမ်ထောင်စုများဖြစ်ပြီး ၆၅ (၂၅%) အိမ်ထောင်စုနှင့် ၂ (၀.၇၇%) မှာ အလယ် အလတ်နှင့် ချမ်းသာသောအိမ်ထောင်စုများ ဖြစ်ကြပါ သည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုမရှိသောကြောင်း**

ကျေးရွာစီးပွားရေးအနေအထားမှာ ကောင်းမွန်သည်ဟု မဆိုနိုင် ပါ။ ယင်းအနက် အလွန် ဆင်းရဲအဆင့်သည် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သောလယ်သမားများ၊ လက်လုပ်လက် စားများ၊ ကျပန်းလုပ်သားများ မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်အိမ်ထောင်စု (၂၆၀) ရှိသည့်အနက် ၁၉၃ (၇၄.၂၂%) သည် ဥစ္စာဓနခွဲခြားမှုပြု လုပ်ရာတွင် ဆင်းရဲနှင့် အဆင်းရဲဆုံးအိမ်ထောင်စုများဖြစ်သော အဆင့်(၃)နှင့် (၄) များဖြစ်ကြပါသည်။ ၎င်းအိမ်ထောင်စု များထဲမှ (၃၀%) ဖြစ်သော (၆၄)အိမ်ထောင်စုအား လန်ခဲ့သော(၁)နှစ်က စားနပ် ရိက္ခာဖူလုံမှု အနေအထား နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရာတွင် အိမ်ခြေအားလုံးသည် နည်းလမ်း မျိုးစုံသုံး၍ နေ့စဉ်ထမင်းနပ် မှန်အောင် ကြိုးစားပြီး ဈေးနှုန်းချိုသာသောဆန်များကို အဓိကထား စားသောက်ကြပါသည်။ ဝမ်းစာဖူလုံရန် အတွက် အကြွေးတင်ရှိမှုမှာ တစ်သိန်းမှ ခြောက်သိန်းအထိ ရှိပါသည်။ (၆၄) အိမ်ထောင်စုအနက် (၃၄) အိမ်ထောင်စုသည် တစ်နှစ်လျှင်အများဆုံး(၃)လ ခန့်အထိ၊ (၃၀) အိမ်ထောင်စုသည် (၆) လခန့်သာ ငွေမချေးဘဲ၊ ဆန်မချေးရဘဲ၊ အခြားသူများမှ ရိက္ခာထောက် ပံ့မှုအပါဘဲ ထမင်းကိုနေ့စဉ်ပုံမှန်အတိုင်း စားသုံးနိုင်သောကာလများဖြစ်ပါသည်။ ၎င်းတို့သည် တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံစေရန်၊ ဝင်ငွေရ အလုပ် အကိုင်လုပ်ရန်၊ ပညာသင်ယူရန်အတွက် ဆွေမျိုး (သို့)မိတ်ဆွေများ၊ ငွေတိုးချေးသူ၊ အစိုးရစီမံကိန်းများမှ ငွေကြေးချေးယူ၍ဖြေရှင်းကြရပါသည်။ မြေယာမဲ့ဆင်းရဲသား ကျပန်းမိသားစုများသည် ပုံမှန်ဝင်ငွေရနိုင်သော အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးခြင်း၊ စားနပ်ရိက္ခာမလုံလောက်မှုများနှင့် ကြုံတွေ့ရနိုင်ပါသည်။ အလယ်အလတ်တန်း တောင်သူများနှင့် တောင်သူကြီးများသည် ၎င်းတို့၏လယ်ယာမြေများ၌ လေမုန်းတိုင်း ကျရောက်ချိန်တွင် မိုးများစွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ ပိုးမွှားရောဂါများကျရောက်ခြင်း ကဲ့သို့သော သဘာဝ ဘေးအန္တရာယ်များကြောင့် အပင်များပျက်စီးခြင်းနှင့် သီးနှံထွက်နှုန်းလျော့ကျစေနိုင်မှု အခြေအနေမြင့်မား ပါသည်။ တောင်သူအများစုသည် ဓါတုမြေဩဇာများ သုံးစွဲလာကြသောကြောင်း မြေဆီလွှာ အရည်အသွေး ကို အတိုင်းအတာတစ်ခုထိ ထိခိုက်လာပါသည်။ မိုရာသီ ရေကြီးခြင်းနှင့် မုန်တိုင်းများ ကျရောက်ချိန်တွင် ကုန်ပစ္စည်းများဈေးတက်ခြင်း၊ကျန်းမာရေး အရေးပေါ်အထောက်အပံ့များလိုအပ်ခြင်းများကြုံတွေ့ရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျန်းမာရေဌာနမှ ရောဂါကာကွယ်ဆေးများပြည့်မီအောင် ထိုးပေးပါသည်။အဖြစ် များသော ရောဂါများမှာ မိုးဦးကာလတွင် ဝမ်းပျက်ဝမ်းလျှောနှင့်သွေးလွန်တုပ်ကွေးများ ဖြစ်ပြီး အခြားရောဂါ များဖြစ်ပွားမှုနည်းပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း (၁) မိုင်ခန့်ဝေးသော မင်းပြားမြို့ ပြည်သူဆေးရုံကြီးသို့ သွားရောက်ကုသမှုခံကြပါသည်။ မိုးလျော်ရေကန် တစ်မျိုးတည်းသာရှိပြီး စုစုပေါင်း (၄) ကန်ရှိပါသည်။ရေအရည်အသွေး စမ်းသပ်စစ်ဆေးထားခြင်းမျိုး မရှိပါ။နွေရာသီတွင် ရေမလုံလောက် သောကြောင်း အနီးအနားရှိရွာများသို့ သွားရောက်ခပ်ယူကြရပါသည်။ယင်လုံအိမ်သာ(၁၅)လုံးကို အိမ်ထောင် စု (၄၅) စုကသာ အသုံးပြုပြီး (၃၀) စုကတော့ တွင်းမရှိသော အိမ်သာအသုံးပြုကြပါသည်။

အများစုမှာ တောထိုင်ခြင်းဖြင့်ဖြေရှင်းကြပါသည်။

(ဂ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာသူ/သားများအားလုံး စာမတတ်သူနည်းပါးပြီး အများစုမှာ ရေးတတ်၊ ဖတ်တတ်ကြ ပါသည်။ ကျောင်းနေအရွယ်ကလေးများအားလုံးကျောင်းနေကြပြီး အချို့အလယ်တန်းကျောင်းသား ကျောင်းသူများ နှင့်အထက်တန်းကျောင်းသား/သူများသည် (၁)မိုင်ခန့်ဝေးသော မြို့ပေါ် အထက်တန်း ကျောင်းသို့ စက်ဘီး(သို့) ခြေလျင်သွား၍ ကျောင်းတက်ကြပါသည်။ တက္ကသိုလ်ကျောင်းသူ/သား များကတော့ စစ်တွေမြို့သွား၍ အဆောင်နေကျောင်းတက်ကြပါသည်။ လက်ရှိ (အလျား ၆၀ပေ၊ အနံ ၄၀ပေ၊ အမြင့် ၁၈ပေ) RC တစ်ထပ်ကျောင်ဆောင်အား (၂၀၁၅) ခုနှစ်တွင်အစိုးရမှ ဆောက်လုပ်ပြီးစီးခဲပါသည်။ ကျောင်တွင်ဗီရို၊ စာသင်ခုံ၊စားပွဲခုံနှင့်သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိသေးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းမှာ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ကျပန်းအလုပ်သမားများသည် မိုးရာသီကောက်စိုက် ပျိုးနုတ်ကြပြီး ကျန်ရာသီများတွင် မြို့ပေါ်သို့ သွားရောက်၍ လက်သမား၊ ပန်းရံလုပ်ငန်းများတွင်လုပ်ကိုင်ကြသူများ လည်းရှိကြပါသည်။

(စ) ကျားမ ဆက်နွယ်

လူဦးရေစုစုပေါင်းတွင် ယောကျ်ားဦးရေထက် မိန်းမဦးရေ ပိုများနေပါသည်။ ကျေးရွာရှိ အမျိုးသား အများစုမှာ လယ်ထွန်ခြင်း၊ပျိုးနုတ်ခြင်း၊ လက်သမား၊ပန်းရံစသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြပြီး အမျိုးသမီး အများစုမှာ ကောက်စိုက်ခြင်း၊ လမ်းခင်းခြင်းလုပ်ငန်းတွင်အင်္ဂါးလိုက်ခြင်းစသည့် ရာသီအလိုက်ဝင်ငွေရ လုပ်ငန်းအမျိုးမျိုးလုပ်ကိုင်ကြပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများပါဝင်မှုမရှိသော်လည်း ကျေးရွာသာရေး၊နာရေးအသင်း ကို အမျိုးသမီးများသီးသန့် တက်ကြွစွာဆောင်ရွက်ထားကြပါသည်။ ကျေးရွာရှိ အပျို/ လူပျိုများသည် ကျေးရွာသာရေး၊ နာရေး၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာဆောင်ရွက်ကြ ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

မိုးရာသီတွင် စပါးကိုတစ်သီးစားအဖြစ် စိုက်ပျိုးကြပြီး စပါးရပ်သိမ်းပြီး ချိန်တွင်ဂရုတ် စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ဧက (၉၃၁) ရှိပြီး အထွက် နှုန်းမှာ ပျှမ်းမျှ(၄၅)တင်းထွက်ရှိသည်။ ဂရုတ် (၁၅)ဧကစိုက်ပျိုးပြီး အထွက်နှုန်းပျှမ်းမျှ(၁၃၀၀)ပိဿာ ထွက်ရှိသည်။ နွား (၁၀၆)ကောင်၊ ကျွဲ (၃၀)ကောင်၊ ဆိတ် (၃၂၅)ကောင်၊ ဝက် (၈၅)ကောင်၊ ကြက် (၁၂၃၀) ကောင် မွေးမြူထားရှိသည်။ ကျွဲနွားများမှာ စီးပွားဖြစ်ရောင်းချရန်အတွက်မွေးမြူခြင်းမျိုးမဟုတ်ဘဲ လယ်ယာစိုက်ပျိုးရန်အတွက် သာမွေးမြူခြင်း ဖြစ်ပါသည်။ ဆိတ်၊ ဝက်၊ ကြက်များလည်းတစ်နိုင် တစ်ပိုင်မွေးမြူထားခြင်း သာဖြစ်ပါသည်။ ကျေးရွာတွင် ငါးလုပ်ငန်းလုပ်ကိုင်သူမရှိပါ။

(ဂ) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ကျပန်းအလုပ်သမားများသည် မိုးရာသီကောက်စိုက်ပျိုးနှတ်ကြပြီး ကျန်ရာသီများတွင် မြို့ပေါ်သို့သွားရောက်၍ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အသက်မွေး ဝမ်းကျောင်းပြုနိုင်လောက်သော နည်းပညာများအားနည်းခြင်း၊ ပုံမှန်ဝင်ငွေရနိုင်သောအလုပ်အကိုင် အခွင့် အလမ်းမရှိသော်လည်း မြို့နှင့်နီးသဖြင့် မြို့ပေါ်သို့သွားရောက်၍ အလုပ်အမျိုးမျိုးလုပ်ကိုင်နိုင်ကြပါသည်။ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းမှအပ ကျေးရွာတွင် အားကိုးအားထားပြုရလောက်သော အခြားအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ နည်းပါးကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစိမံခန့်ခွဲမှု

လယ်ယာမြေများတွင် ခါတုမြေဩဇာများ သုံးစွဲလာကြသော်လည်း မြေဆီလွှာထိန်းသိမ်းသည့် အလေ့အထမရှိသေးသဖြင့်မြေဆီဩဇာများပျက်စီးမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရပါသည်။ခါတုပိုးသတ်ဆေးများမဆင်မခြင်သုံးစွဲသောကြောင်း သီးနှံများပျက်စီးများ ကြုံတွေ့ရပါသည်။ မိုးများဒေသဖြစ်၍ ရေအရင်းမြစ်ရရှိမှု အသင့်အတင့်ရှိပါသည်။စွန့်ပစ်ပစ္စည်းများမဆင်မခြင်စွန့်ပစ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများလာပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာသူ/သားများအတွက် ချေးငွေရရှိနိုင်သောနေရာများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်၊ သမဝါယမချေးငွေ၊ ငွေချေးပေးသူ၊ မိတ်ဆွေနှင့်ဆွေမျိုးများဖြစ်ကြပါသည်။ လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇)ဖြင့် တောင်သူတစ်ဦးလျှင် တစ်ဧက(၁)သိန်းနှုန်းဖြင့် (၁၀)ဧကာ အတွက် ချေးယူရရှိနိုင် ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

လက်ရှိ (အလျား ၆၀ပေ၊ အနံ ၄၀ပေ၊ အမြင့် ၁၈ပေ) RC တစ်ထပ်ကျောင်ဆောင်အား (၂၀၁၅) ခုနှစ်တွင်အစိုးရမှ ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ကျောင်းတွင် ဗီရို၊ စာသင်ခုံ၊ စားပွဲခုံ နှင့် သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိသေးကြောင်း တွေ့ရှိရပါသည်။ဆရာ/ဆရာမစုစုပေါင်း(၇)ဦးရှိပြီး မူလတန်းကျောင်းသား/သူ (၉၄) ဦးနှင့် အလယ်တန်းကျောင်းသား/သူ (၅၈)ဦးရှိသောကြောင်း ဆရာ/ဆရာမများလုံလောက်မှုရှိပါသည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများမှာ နိုင်ငံတော်မှပံ့ပိုးပေးသောကြောင်း လုံလောက်မှုရှိသော်လည်း အများစုမှာ အလွန်ဆင်းရဲကြသဖြင့် ကျောင်းစရိတ်မတတ်နိုင်ကြပါ။ အားကစားဆိုင်ရာပစ္စည်းများလည်းလက်လှမ်းမီမှုမရှိကြပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း (၁) မိုင်ခန့်ကွာဝေးသော မင်းပြားမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံကြပါသည်။

ကျေးရွာတွင် မိုးလေဝင်ရေကန်တစ်မျိုးတည်းသာရှိပြီး စုစုပေါင်း (၄)ကန်ရှိပါသည်။ရေအရည်အသွေးစမ်းသပ်စစ်ဆေးထားခြင်းမျိုးမရှိပါ။ နွေရာသီတွင် ရေမလုံလောက်သောကြောင်း အနီးအနားရှိ ရွာများသို့ သွားရောက် ခပ်ယူကြရပါသည်။

ကျေးရွာတွင် ယင်လုံအိမ်သာ (၁၅)လုံးကို အိမ်ထောင်စု (၄၅) စုကသာအသုံးပြုပြီး (၃၀) စုကတော့ တွင်းမရှိသောအိမ်သာ အသုံးပြုကြပါသည်။ အများစုမှာ တောထိုင်ခြင်းဖြင့် ဖြေရှင်းကြပါ သည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များသည် ရွာ၏လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးများတွင် တတ်နိုင်သလောက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ အားကစားနှင့် ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာမရှိသလို အထောက်အကူပစ္စည်းများလည်းမရှိပါ။စိတ်ဝင်စားစရာများ လေ့လာသင်ယူနိုင်မည့် ကျေးရွာစာကြည့်တိုက်တော့ရှိပါသည်။

(ဇ) အခြေခံအဆောက်အဦ- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ရွာတွင်းလမ်းများမြေသားလမ်းဖြစ်သော်လည်း ဖြုန်းကျောက်များ ခင်းထားသောကြောင့် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ကျေးရွာ၏အဓိကအသုံးပြုကြသော ရွာအဝင်လမ်းမှာ ကျောက်စရစ်များခင်းထားသော်လည်း မိုးရာသီတွင်ရွံ့နွံများအလွန်ထူထပ်သဖြင့် သွားရေးလာရေး လွန်စွာအခက်အခဲများကြုံတွေ့ရပါသည်။ ရွာအဝင်လမ်းတွင် ကွန်ကရစ်တံတား တစ်စင်းရှိပြီး အသင်အတင့်ကောင်းမွန်ပါသည်။

ကျေးရွာတွင် ဆိုလာအသုံးပြုသောအိမ်ထောင်စု(၁၅၉) စုရှိပြီး (၁၀၁) အိမ်ထောင်စုမှာ ဖယောင်းတိုင်သာအသုံးပြုကြပါသည်။ ကျေးရွာတွင် ဖုန်း(၁၃၉)လုံးရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်ကောင်းစွာ အသုံးပြုနိုင်ပါသည်။ တီဗွီ (၂၂)လုံးနှင့် ဂြိုလ်တုစလောင်း (၃)ခုတို့ရှိပြီး လိုအပ်သော သတင်းအချက်အလက်များကို ၎င်းတို့မှတစ်ဆင့် သိရှိနိုင်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာသည် လုံခြုံမှုရှိ၍ တည်ငြိမ်အေးချမ်းသည်ဟုဆိုနိုင်ပါသည်။ လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုများ မတွေ့ရှိရ ပါကြောင်းလေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ကျေးရွာလုံခြုံရေးအတွက် ရဲစခန်းသို့အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

JJ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(ဘ) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (ဘ) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၁၀	၁၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၅	၂၀	၃၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၉	၂၅	၅၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၀	၄၁	၇၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၉၉	၂၁၀	၄၀၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၀၁	၁၂၂	၂၂၃
စုစုပေါင်း		**၃၅၂**	**၄၂၈**	**၈၁၀**
စုစုပေါင်း အိမ်ထောင်စု (၁၄၆)စု		**တစ်အိမ်ထောင်စုရှိ ပျမ်းမျှလူဦးရေ (၅)**		

ရင်းမြစ် ... (ဘ) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စုစုပေါင်းလူဦးရေ (၈၁၀) ဦးရှိပါသည်။ နို့စို့အရွယ်မှ အလယ်တန်းကျောင်းသားအရွယ်ထိ (၂၇၁)ဦးရှိပြီး အလုပ်လုပ်နိုင်သောအရွယ် ကျား၊မပေါင်း (၄၀၉) ဦး ရှိသော်လည်း အလုပ်အကိုင်ရှားပါးကြောင်း တွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုများလည်း အသင့်အတင့်ရှိပြီး မှီခိုစားသောက်နေရကြောင်းတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-ဘ) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၅	၉၆		လတ်
	အလုပ်သမား / ဝန်ထမ်း				မြင့်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၄		နိမ့်
	အလုပ်သမား / ဝန်ထမ်း				
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား /				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၁၀		နိမ့်
	အလုပ်သမား / ဝန်ထမ်း				
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄	၁၄		လတ်
	အလုပ်သမား / ဝန်ထမ်း				
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၁၉	**လူမှုရေး လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း				
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ဝန်ထမ်း	၁			နိမ့်
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသော်လည်း ကိုယ်ပိုင် လုပ်ကိုင်နိုင်သူ (၃၁)ဦးသာတွေ့ရှိရပြီး လုပ်သားများသာလုပ်ကိုင်သူများပါသည်။လက်လီလက်ကား ရောင်းဝယ်သူများမှာ ကုန်စုံဆိုင်ငယ်လေးများဖွင့်လှစ်ရောင်းချကြပါသည်။ ပညာရေးဝန်ထမ်း (၉)ဦး၊ ကျန်းမာရေးဝန်ထမ်း(၂)ဦးနှင့် ကုမ္ပဏီဝန်ထမ်း(၁)ဦးရှိပါသည်။ အများစုမှာ အလုပ်ကြမ်းနှင့် ကျပန်းလုပ်သားများဖြစ်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်အားခများမှာ ပျိုးစိုက်ချိန်နှင့် ရိပ်သိမ်းချိန်တို့တွင်ရရှိ သော

ရာသီပေါ်လုပ်အားခများသာဖြစ်ပါသည်။ လက်သမား၊ ပန်းရံများ၏လုပ်အားခမှာ ပုံမှန်ရရှိနိုင်သောလုပ်အားခများဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၂၉၉	သင့်
ယာမြေ / တောင်ယာမြေ	၃၄	ညံ့
ဥယျာဉ်ခြံမြေ	၃၁.၅	သင့်
ကိုင်း/ကျွန်းမြေ	၁၁	ညံ့
ခနဲတောမြေ	၂၃၄	သင့်
စားကျက်မြေ	၅၈	သင့်
မြေလွတ် မြေလပ်	၁၆	ညံ့
စုစုပေါင်း	၃၀၈.၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိသော်လည်း မြေဆီလွှာအရည်အသွေး အသင်အတင့်သာကောင်းမွန်ပါသည်။ လယ်မြေများတွင် မိုးစပါးသာအဓိကထားစိုက်ပျိုးကြပြီး ဆောင်းရာသီတွင် ငရုပ်၊ခရမ်းနှင့် မုံညှင်းများစိုက်ပျိုးကြပါသည်။

ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု	အသုံးချနိုင်မှု
သတ္တုနှင့် အခြားတွင်းထွက်သယံ	မရှိ	

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု	အသုံးချနိုင်မှု
ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)		
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	မရှိ	
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	နည်း	
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	မရှိ	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့်အနီးအနားတွင် ဓါတ်သတ္ထုနှင့် အခြားသဘာဝအရင်းအမြစ် များ မတွေ့ရှိရပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အိမ်အခြေအနေ	သွပ်မိုး၊ပျဉ်ကာ၊ ပျဉ်ခင်း	သွပ်မိုး၊ဝါးကာ၊ ပျဉ်ခင်း	ဓနိမိုး၊ဝါးကာ၊ ဝါးခင်း	ဓနိမိုး၊ဓနိကာ၊ ဝါးခင်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	စလောင်း၊ ဆိုင်ကယ် တီဗွီ၊ဖုန်း	တီဗွီ၊ဖုန်း၊စက်ဘီး	ပေါ်တောဘယ်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	ကျပန်း	ကျပန်း
အိမ်ထောင်စု	၂(၀.၇၇%)	၆၅(၂၅%)	၉၀(၃၄.၆၁%)	၁၀၃(၃၉.၆၁%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့်ခွဲခြားမှုအရ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု (၂)အိမ်ထောင်စုသာရှိပြီး (၀.၇၇%)သာရှိပါသည်။အလယ်အလတ်အဆင့် (၆၅)အိမ်ထောင်ရှိပြီး လယ်ယာမြေနှစ်ဧကနှင့်အထက်ပိုင်ဆိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်အိမ်ထောင်စုအလွန်များပြားကြောင်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လအောက် ဝမ်းစာဖူလုံမှု	၃၄	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၃၄_____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ
		လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၃၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၃၀_____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုအရေအတွက် မှာအများဆုံးဖြစ်ပါသည်။ ၎င်းအိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော (၆၄)အိမ်ထောင်စုအား ဝမ်းစာဖူလုံမှုအတွက် ဖြေရှင်းသည့်နည်းလမ်းများကို တွေ့ဆုံဆွေးနွေးရာတွင် ဝမ်းစာဖူလုံရန်အတွက် ငွေကြေးချေးယူခြင်းဖြင့်သာဖြေရှင်းကြကြောင်းတွေ့ရှိရပါသည်။ ဆွေမျိုး(သို့)မိတ်ဆွေများ၊ ငွေတိုး ချေးသူ၊ အစိုးရစီမံကိန်းများမှငွေကြေးချေးယူ၍ စားသုံးရန်၊ ဝင်ငွေရအလုပ်အကိုင်လုပ်ရန်၊ ပညာသင်ယူရန်အသုံးပြုကြကြောင်းတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု
၁	စားနပ်ရိက္ခာ မဖူလုံမှု	နိမ့်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	လတ်
၃	ရေကြီးခြင်း	လတ်
၄	မိုးခေါင်ခြင်း	နည်း
၅	အအေးလွန်ကဲခြင်း	လတ်
၆	မုန်တိုင်း	လတ်
၇	ငလျင်	နိမ့်
၈	မီးဘေး	နိမ့်
၉	ဆားငန်ရေဝင်မြေ	လတ်
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	နိမ့်
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု
၁၂	၄က်ဖျားရောဂါ	လတ်
၁၃	တီဘီရောဂါ	လတ်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	နိမ့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွာသူ/သားအများစုမှာ ဆင်းရဲကြသောကြောင်း စားနပ်ရိက္ခာ မဖူလုံမှု ကြုံတွေ့နေရပါသည်။ မိုးရာသီတွင်ရေကြီးခြင်းနှင့် မုန်တိုင်းဒါဏ်ကြောင်း လယ်မြေများပျက်စီးခြင်း များနှစ်စဉ်လိုလို ကြုံတွေ့ရပါသည်။ ထို့ပြင် လယ်သမားများသည် ခါတ်မြေဩဇာများသုံးစွဲလာကြသော ကြောင်း မြေဆီလွှာပျက်စီးခြင်းနှင့်လယ်မြေများဆုံးရှုံးခြင်းအား နှစ်စဉ်ခံစားရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု
၁	လူငယ်	လတ်
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	နိမ့်
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု	မရှိ
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မရှိ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မရှိ
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	နိမ့်
၉	ငါးကန်ပိုင်ရှင်များ	မရှိ
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	လတ်
၁၁	လူနည်းစုလူမျိုးများ	မရှိ
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မရှိ
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ
၁၄	ရွှေတွင်းလုပ်သားများ	မရှိ
၁၅	ဆေးစွဲသူများ	မရှိ
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မရှိ
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	လတ်
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်
၁၉	ရွှေ့ပြောင်းလုပ်သားများ	မရှိ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု
၂၀	ကားမောင်းပြီး အသက်မွေးသူများ	နိမ့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု၊ မြေယာမဲ့ ဆင်းရဲသားတောင်သူ၊ မြေနိမ့်ပိုင်း နေထိုင်သူများနှင့် လက်လုပ်လက်စားများ၊ ကျပန်းများ သည်ထိခိုက်သက်ရောက်မှုကြုံတွေ့နိုင်သည့်သူများဖြစ်ကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု
			ကျား	မ	ပေါင်း		
၁	နာရေးကူညီမှုအသင်း	၂		၃၀	၃၀	သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီးများဦးဆောင်ဖွဲ့စည်းထားပြီး ကျေးရွာရှိသာရေး၊ နာရေးများတွင်တက်ကြွစွာပါဝင်လုပ်ဆောင်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၉၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၃	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၄၆	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ (၉၂) အိမ်ထောင်စုမှာမြေယာမဲ့များဖြစ်ကြပြီး ဆင်းရဲကြပါသည်။ (၂၁) အိမ်ထောင်စုမှာ ဆင်းရဲသားတောင်သူများဖြစ်ကြပြီး (၁၃) အိမ်ထောင်စုသည် တောင်သူငယ်များဖြစ်ပါသည်။ (၁၀) အိမ်ထောင်စုသာ တောင်သူလတ်၊ တောင်သူကြီးများဖြစ်ကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်			
၂	ရေလွှဲဆည်			
၃	မြစ်ရေတင်စီမံကိန်း			
၄	ရေသွင်းမြောင်း			
၅	အဝီစိတွင်း			
၆	လက်ငင်းရေတွင်း			
၇	စိမ့်စမ်းရေ			
၈	ချောင်းရေ			

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစု လိုအပ်ချက်	အမြတ်ရရှိနိုင်မှု
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၅၀	တင်း	၄၀	၅၀	၄၅	ဇူလိုင်	ဒီဇင်ဘာ	လတ်	လတ်

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစု လိုအပ်ချက်	အမြတ်ရရှိနိုင်မှု
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ငရုတ်	၅၀	ဝိဿာ	၁၂၀၀	၁၄၀၀	၁၃၀၀	ဒီဇင်ဘာ	ဖေဖော်ဝါရီ	လတ်	လတ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးရာသီတွင် စပါးကိုတစ်သီးစားအဖြစ် စိုက်ပျိုးကြပြီး စပါးရိတ်သိမ်းပြီး ချိန်တွင် ငရုတ်စိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	၁၀	၁		၅
လက်တွန်းထွန်စက်				
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၂			
ရေစုပ်စက်	၁၁			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လယ်ယာသုံးစက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
သဘာဝ ရေမြေရာသီဥတု အနေအထား	**သင့်တင့်မျှတ**
လယ်ယာမြေ အသုံးချနိုင်မှု	**သင့်တင့်မျှတ**
စိုက်ပျိုးရေ အရင်းအမြစ်	**အသင့်အတင့်ရှိ**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**ရသည်**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**ဝယ်ယူရနိုင်သည်**
လုပ်သားရရှိနိုင်မှု	**ရနိုင်သည်**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**ရနိုင်သည်**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို ရောင်းချနိုင်သည်**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

